# လူဝင်မှုကြီးကြပ်ရေး မူဝါဒအပြောင်းအလဲ IRC ဝန်ဆောင်မှု ရယူသူများအပေါ် သက်ရောက်မှု၊ မေးလေ့မေးထ မေးခွန်းနှင့် အဖြေများ

*အမေရိကန်ပြည်ထောင်စုအတွင်း ဝန်ဆောင်မှု ရယူနေသူများအတွက် မှီငြမ်းစရာများကို IRC မှ ဖန်တီးပေးထားပါတယ်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်နဲ့ သူတို့ရဲ့ အခွင့်အရေးတွေကို လူတွေ ပိုပြီး နားလည်ဖို့ အကူအညီဖြစ်မယ်လို့ ကျွန်ုပ်တို့ မျှော်လင့်ပါတယ်။ သို့သော်လည်း ယခု သတင်းအချက်အလက်တွေကို အရည်အချင်းပြည့်မီသော ရှေ့နေ သို့မဟုတ် အသိအမှတ်ပြုထားသော တရားရေး ကိုယ်စားလှယ်ရဲ့ တရားရေးအကြံဉာဏ်နေရာတွင် အစားထိုးသုံးဖို့ မဟုတ်ပါ။ ယခု အချက်အလက်တွေဟာ* ***<u>၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်</u>*** *နေ့တွင် စတင် အကျုံးဝင်ပြီး နောက်ထပ် မူဝါဒအပြောင်းအလဲ ကြောင့်ဖြစ်စေ၊ တရားရုံး ဆုံးဖြတ်ချက်တွေကြောင့် ဖြစ်စေ အလျင်အမြန် ပြောင်းလဲသွားကောင်း သွားနိုင်ပါတယ်။*

## လူဝင်မှုကြီးကြပ်ရေး မူဝါဒအသစ်က ကျနော့အပေါ် ဘယ်လို သက်ရောက်နိုင်ပါသလဲ။

လူဝင်မှုကြီးကြပ်ရေးမူဝါဒများသည် အလျင်အမြန်ပြောင်းလဲနေပြီး အမေရိကန်ပြည်ထောင်စုအတွင်း နိုင်ငံသား မဟုတ်သူများ အားလုံးနီးပါးအပေါ် သက်ရောက်မှုရှိနေပေါ်တယ်။ တဦးချင်းဆီ၏ အခြေအနေက တခြားသူများနှင့် မတူသလို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေ သို့မဟုတ် တရားရေးဝန်ကြီးဌာန အသိအမှတ်ပြု ဥပဒရေးရော ကိုယ်စားလှယ်တွေက ပုဂ္ဂိုလ်တဦးဆီ အနေအထားနဲ့ ရွေးချယ်စရာလမ်းတွေကို အကဲဖြတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အောက်ဖော်ပြပါတွေဟာ သင့်ကို လမ်းကြောင်းမှန်ဆီညွှန်ပြနိုင်မယ့် ယေဘုယျ သတင်းအချက်အလက်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အရေးအကြီးဆုံးက သင့်ရဲ့ ပုဂ္ဂိုလ်ရေးအခြေအနေနဲ့ ပတ်သက်လို့ လိုင်စင်ရှိ ဥပဒအကျိုးဆောင် ရှေ့နေများကို အမြဲတမ်း မေးမြန်းရပါလိမ့်မယ်။

### ကျနော်က **ဒုက္ခသည်**တယောက်ပါ။ လူဝင်မှုကြီးကြပ်ရေး ဥပဒအသစ်အရ ကျနော့ကိုပေးထားတဲ့ အကာအကွယ် ဆုံးရှုံးပြီး တိုင်းပြည်က နှင်ထုတ်ခံရနိုင်တဲ့ အန္တရာယ်ရှိပါသလား။

ဒုက္ခသည်အဖြစ် နေထိုင်ခွင့် အသိအမှတ်ပြုထားတာဟာ အမြဲတမ်းခွင့်ပြုချက်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ အမေရိကန်အစိုးရက ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့နဲ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ကြား အမေရိကန်ပြည်ထောင်စုကို ဝင်ခွင့်ပေးထားတဲ့ ဒုက္ခသည်တွေကို ပြန်သုံးသပ်ဖို့နဲ့ ပြန်ပြီး တွေ့ဆုံမေးမြန်းနိုင်ခြေ မူဝါဒအသစ် ထုတ်ပြန်ထားပါတယ်။ တကယ်လို့ သင်ဟာ အဲဒီအချိန် သတ်မှတ်ချက်အတွင်း အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်ခဲ့တယ်ဆိုရင် တွေ့ဆုံမေးမြန်းနိုင်ခြေအတွက် ဘယ်လို ပြင်ဆင်မလဲဆိုတာကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေနဲ့ ကိုယ်ရဲ့ အမှုကိစ္စအတွက် ဆွေးနွေးတိုင်ပင်ပါ။ နောက်ထပ် အချက်အလက်တွေ သင် <u>ဒီမှာ</u> ထပ်ပြီးရှာဖွေနိုင်ပါတယ်။

### ကျနော်ဟာ “**ခရီးသွားလာခွင့် ပိတ်ပင်တဲ့ နိုင်ငံစာရင်းမှာ**” ပါတဲ့ **သူ**ယောက်ပါ။ လူဝင်မှုကြီးကြပ်ရေး ဥပဒအသစ်အရ ကျနော့ကိုပေးထားတဲ့ အကာအကွယ်ဆုံးရှုံးပြီး တိုင်းပြည်က နှင်ထုတ်ခံရနိုင်တဲ့ အန္တရာယ်ရှိပါသလား။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှာ အမေရိကန် အစိုးရက ၂၀၂၁ ခုနှစ်နှစ် ဇန်နဝါရီလ ၂၀ ရက် ဒါမှမဟုတ် နောက်ပိုင်း အမေရိကန်ပြည်ထောင်စုကို လာတဲ့ "ခရီးသွားခွင့် ပိတ်ပင်ထားတဲ့ တိုင်းပြည်တွေက" ဝင်ရောက်လာသူတွေကို ပြန်ပြီးတွေ့ဆုံစစ်ဆေးတာတွေ လုပ်နိုင်ခြေ မူဝါဒအသစ် ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ ဒီမူဝါဒကိုတိုးချဲ့ပြီး နောက်ထပ် နိုင်ငံ ၂၀ ထပ်တိုးခဲ့ပါတယ်။ အကယ်၍ သင်ဟာ အဲဒီနိုင်ငံကသူ တဦးဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ဒါမှမဟုတ် နောက်ပိုင်း ရောက်လာသူဆိုရင်

သင့်လျှောက်ထားချက်နဲ့ ပတ်သက်လို့ လူဝင်မှုကြီးကြပ်ရေး ရှေ့နေနဲ့ တိုင်ပင်လိုတဲ့ ဆန္ဒရှိနိုင်ပါတယ်။ အချက်အလက်တွေ ဒီမှာ ထပ်ပြီးရှာဖွေနိုင်ပါတယ်။

## ကျွန်ုပ်က **ယာယီအကာအကွယ်ပေးထားတဲ့ နေထိုင်ခွင့်** (TPS) ဒါမှမဟုတ် **လူသားချင်းစာနာမှုဆိုင်ရာ ခွင့်ပြုချက်** (ခံဝန်ဖြင့်နေသူ) ဖြစ်ပါသည်။ ယခု ဥပဒေအသစ်တွေအရ ကျွန်တော့ကိုပေးထားတဲ့ အကာအကွယ်ဆုံးရှုံးပြီး တိုင်းပြည်က နှင်ထုတ်ခံရနိုင်တဲ့ အန္တရာယ်ရှိပါသလား။

အမေရိကန်ပြည်ထောင်စုကအရင်က သတ်မှတ် ခွင့်ပြုထားတဲ့ နိုင်ငံတော်တော်များများအတွက် ယာယီ အကာအကွယ်ပေးထားတဲ့ နေထိုင်ခွင့် (TPS) တွေ ဖျက်သိမ်းထားပါတယ်။ တကယ်လို့ TPS ကို ဖျက်သိမ်းပြီဆိုရင် လက်ရှိ TPS ရှိတဲ့သူတွေအနေနဲ့ သူတို့ရဲ့ TPS နဲ့ တရားဝင် အလုပ်လုပ်ခွင့်တွေကို သက်တမ်းထပ်တိုးလို့ရတာမှာ မဟုတ်သလို ဖမ်းဆီးခံရတာ တိုင်းပြည်က နှင်ထုတ်တာတွေ ခံရနိုင်ပါတယ်။ ကျေးဇူးပြုပြီး ဒီမှာ နောက်ဆုံး TPS သတ်မှတ်ခွင့်ပြုတဲ့ နိုင်ငံစာရင်းနဲ့ တနိုင်ငံခြင်းဆီအတွက် သက်ဆိုင်ရာ တရားဝင်သက်တမ်း သတ်မှတ်ရက်တွေကို စစ်ဆေး ပြန်ကြည့်နိုင်ပါတယ်။

လူသားချင်းစာနာမှုဆိုင်ရာ ခံဝန်ခွင့်ပြုချက်နဲ့ အမေရိကန်ပြည်ထောင်စုကို ဝင်လာသူတွေ လူတော်တော်များများရဲ့ ခံဝန်နဲ့ ခွင့်ပြုထားချက်တွေကို ဖျက်သိမ်းထားပြီး ဖြစ်ပါတယ်။ တကယ်လို့ ခင်ဗျားဟာ လူသားချင်းစာနာမှုဆိုင်ရာ ခွင့်ပြုချက်နဲ့ နေထိုင်ခွင့်ရထားသူဖြစ်တယ်ဆိုရင် နောက်တကြိမ် ခံဝန်ခွင့်ပြုချက် ထပ်ရနိုင်မလား၊ ဥပဒေကြောင်းအရ ရွေးချယ်စရာနဲ့ တိုင်းပြည်က နှင်မထုတ်အောင် အကာအကွယ်ပေးနိုင်မယ့် နည်းလမ်းတွေကို သိရဖို့ ဥပဒေအရ ပံ့ပိုးမှုရအောင် အရေးပေါ် ကြိုးစားသင့်ပါတယ်။

## ဘယ်လို အထောက်အထားတွေ ကျနော်နဲ့အတူ ဆောင်ထားရပါမလဲ။

**မှတ်သားရန်၊** မူရင်းသက်သေအထောက်အထားတွေ ဒါမှမဟုတ် မိတ္တူတွေကို ကိုယ်နဲ့အတူ ဆောင်ထားဖို့ အကြံပြုလိုပါတယ်။ နောက်ထပ် မိတ္တူတွေလည်း အိမ်က လုံခြုံတဲ့နေရာမှာ ထားဖို့လိုပါတယ်။

| နေထိုင်ခွင့်အခြေအနေ | သယ်ဆောင်ရန် အထောက်အထားများ |
|---|---|
| ခင်ဗျားမှာ **<u>လက်ရှိ လူဝင်မှုကြီးကြပ်ရေး တရားဝင် နေထိုင်ခွင့်ရှိတယ်ဆိုရင်</u>** | **အမေရိကန်ပြည်ထောင်စုမှာ လူဝင်မှုကြီးကြပ်ရေးအရ နေထိုင်ခွင့် သက်သေအထောက်အထားတွေကို အမြဲတမ်း ဆောင်ထားပါ။ ဥပမာအားဖြင့်**<br>1. **<u>I-551</u>** တရားဝင် အမြဲတမ်းနေထိုင်ခွင့် သက်သေ အထောက်အထား (အစိမ်းရောင်ကဒ်)<br>2. **<u>I-94</u>** တရားဝင်ဝင်ရောက်လာကြောင်း ဝင်ခွင့် တံဆိပ်တုံး ထုထားသည့် သက်သေအထောက်အထား သို့မဟုတ် တံဆိပ်တုံး ထုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် တခြား ခရီးသွားလာခွင့် အထောက်အထား<br>3. **<u>တရားဝင် အလုပ်လုပ်ခွင့် ခွင့်ပြုကဒ်</u>** <u>(အလုပ်လုပ်ခွင့်)</u><br>4. **<u>I-797</u>** သင့်ရဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နေထိုင်ခွင့် ခွင့်ပြုသည့် အကြောင်းကြားစာ<br>5. **<u>ပြည်နယ်က ထုတ်ပေးတဲ့ ယာဉ်မောင်းလိုင်စင်၊</u>** သင်နေထိုင်ရာပြည်နယ်မှာ လက်ရှိ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ နေထိုင်ခွင့်က ယာဉ်မောင်းလိုင်းစင် ရှိဖို့ လိုအပ်တယ် ဆိုပါက တောင်းဆိုမှသာ |
| အကယ်၍ **သင့်လျှောက်ထားချက်ကို ဆိုင်းငံ့ထားခြင်း** (ဆိုလိုသည်မှာ သင့်အနေနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကျိုးခံစားခွင့် သို့မဟုတ် အကာ အကွယ်ကို လျှောက်ထားပါက၊ လျှောက်ထားချက်နဲ့ ပတ်သက်၍ အဖြေ တစုံတရာ မထွက်လာသေးခြင်း) | **<u>USCIS (I-797) ရဲ့ လက်ခံရရှိကြောင်း အကြောင်းကြားစာများ မိတ္တူများကို</u>** ဆောင်ထားပါ။<br><br>**မှတ်သားရန်။** လျှောက်ထားလွှာ ဆိုင်းငံ့ထာသည့် အခြေအနေသည် သင့်အား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် တိုင်းပြည်က နှင်ထုတ်ခြင်းအား ကာကွယ်ချင်မှ ကာကွယ် ပါလိမ့်မည်၊ |
| အကယ်၍ သင့်အား**<u>နှင်ထုတ်ရန် ကြားနာစစ်ဆေးဆဲ ကာလဖြစ်ပြီး၊ တရားဝင် အလုပ် လုပ်ခွင့်ကဒ် မရှိပါက</u>** | **<u>တရားရုံး ကြားနာဆင့်ခေါ်စာ</u>** မိတ္တူ၊ လျှောက်ထားဆဲ လျှောက်လွှာနှင့် ပတ်သက်၍ မည်သို့သော လက်ခံရရှိကြောင်းစာမဆို၊ သို့မဟုတ် **<u>ခံဝန်နှင့် နေထိုင်ခွင့် အကြောင်းကြားစာ</u>** (အခြေအနေနှင့် ကိုက်ညီ သက်ဆိုင်လျှင်) ဆောင်ထားပါ။ |

| | |
|---|---|
| အကယ်၍ သင်သည် **မှတ်တမ်း အထောက်အထား မရှိသူ ဆိုရင်** | သင့်ရဲ့ အမျိုးသားမှတ်ပုံတင် ဒါမှမဟုတ် နိုင်ငံသား နိုင်ငံကူးလက်မှတ် မိတ္တူတွေကို **ကိုယ်နဲ့အတူ ဆောင်မသွားပါနဲ့၊** ဒီအထောက်အထားတွေကေ လူဝင်မှုကြီးကြပ်ရေးတရားရုံးမှာ သင့်ကို ဆန့်ကျင်အရေးယူဖို့ အသုံးချနိုင်ပါတယ်။<br><br>**မှတ်သားရန်။** အထောက်အထားအတုတွေ ဒါမှမဟုတ် တခြားသူ တဦးပိုင် အထောက်အထားတွေကို သင့်အနေနှင့် မသယ်ဆောင်သွားသင့်ပါ။ |
| အကယ်၍ သင်ဟာ **အထောက်အထားမရှိတဲ့သူ** ဒါမှမဟုတ် သင့်ရဲ့ **လျှောက်ထားမှုက ဆိုင်းငံ့ခံထားရချိန်၊** သင့်ကို **တိုင်းပြည်က နှင်ထုတ်ဖို့ လုပ်ဆောင်နေဆဲ မဟုတ်ဘူးဆိုရင်၊ နောက်ပြီး၊ အမေရိကန်ပြည်ထောင်စုမှာ ၂ နှစ် ဒါမှမဟုတ် ဒီထက်ပို နေထိုင်ခဲ့သူ ဖြစ်တယ်ဆိုရင်** | သင့်ကို အလျှင်အမြန်တိုင်းပြည်က နှင်ထုတ်တာကို ကာကွယ်ဖို့ အမေရိကားမှာ ၂ နှစ်ကျော် **လူကိုယ်တိုင် နေထိုင်ထားတဲ့ သက်သေအထောက်အထား** များကို ဆောင်ထားပါ။<br><br>**မှတ်သားရန်၊** ဒါက သင့်ကို ဖမ်းဆီးခြင်းဒါမှမဟုတ် ပြည်နှင်ဒဏ် ပေးခြင်းက အပြည့်အဝ ကာကွယ်ပေးမှာတော့ မဟုတ်ပါ၊ သို့သော် ခပ်မြန်မြန် နှင်ထုတ်တာမျိုး မလုပ်အောင်တော့ ကာကွယ် ပေးပါလိမ့်မယ်။<br><br>ဒီအထဲမှာ အောက်ပါ မိတ္တူများ ပါနိုင်ပါသည်။<br>• ပြီးခဲ့တဲ့သုံးနှစ် အခွန်ဆောင်တဲ့ သက်သေအထောက်အထား (အခွန်ဆောင်သူ၏ တရားဝင် ကိုယ်ရေးနံပတ် ITIN သို့မဟုတ် လူမှုဖူလုံရေးနံပတ် # ကို သုံးထားမှသာ)<br>• အိမ်မြေတိုက်ခန်း ငှားရမ်း အထောက်အထား<br>• ရမေီးခါတ်ငွေ ပေးသွင်းခ ပြေစာ<br>• သင် သို့မဟုတ် သင့်ကလေးတွေရဲ့ ကျောင်းတက်မှတ်တမ်းများ<br>• အမေရိကန်ပြည်ထောင်စုမှာ ၂ နှစ်ထက်နေထိုင်ခဲ့တယ် ဆိုတာကို သက်သေပြနိုင်တဲ့ တခြား ဘယ်လို အထောက် အထားဖြစ်စေ |

## သင့် အခွင့်အရေးကို သိပါ။

အမေရိကန်ပြည်ထောင်စုမှာ နေထိုင်သူအားလုံး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရ နေထိုင်ခွင့်အခြေအနေ မည်သို့ပင်ဖြစ်စေ ဖွဲ့စည်းပုံ အခြေခံဥပဒအေရ ပေးအပ်ထားတဲ့အခွင့်အရေးတွေ ရှိပါတယ်။

အကယ်၍ သင့်အား ရဲသို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိမှ တားပြီး၊မေးခွန်းမေးလာခဲ့ရင် **သင့်မှာ အောက်ပါ အခွင့်အရေးတွေ ရှိတယ်ဆိုတာကို** သတိရပါ။

- **သင် သူတို့ကို စကားပြောဆိုဖို့ ငြင်းပယ်ခွင့်ရှိပါတယ်။** သင်ဘယ်မှာ မွေးဖွားတယ်၊ သင်ဘယ်လို အမေရိကန် ပြည်ထောင်စုကို ဝင်ရောက်ခဲ့တယ်ဆိုတာ ပြောဆိုဖို့ မလိုပါ။
- သင်ဟာ အမေရိကန်နိုင်ငံသား မဟုတ်ဘဲ လူဝင်မှုကြီးကြပ်ရေးအရာရှိက သင့်ရဲ့ စာရွက်စာတမ်းတွေကို တောင်းခံခဲ့ရင်၊ သင့်မှာ အဲဒီအထောက်အထားတွေ ရှိတယ်ဆိုရင် ပြသလိုက်ပါ။ လူဝင်မှုကြီးကြပ်ရေးအထောက်အထားတွေကို သင်နဲ့

အမြဲတမ်း ဆောင်ထားပါ။ **အကယ်၍ သင့်မှာ လူဝင်မှုကြီးကြပ်ရေး အထောက်အထားတွေ မရှိဘူးဆိုရင် သင့်အနေနဲ့ မဖြေဘဲနှုတ်ဆိတ်နေခွင့်ကို လိုချင်ကြောင်းပြောပါ။**

- အကယ်၍ သင် သင့်အိမ်မှာဆိုရင် **တရားသူကြီး သို့မဟုတ် ခရိုင်တရားရုံးက လက်မှတ်ထိုးထားတဲ့ ဝရမ်းခွင့်ပြုချက် မပြဘဲနဲ့ ရဲ ဒါမှမဟုတ် စစ်ဆေးရေးတပ်ဖွဲ့ဝင်တွေကို အိမ်ထဲ ဝင်ခွင့်ပေးဖို့ မလိုပါ။**
- **ရှေ့နေနဲ့ စကားပြောဖို့ အခွင့်အရေး သင့်မှာ** ရှိပါတယ်။
- သင့်အခွင့်အရေးကို သိပါ အနီရောင်ကဒ် **ကိုယ့်ဘာသာစကားနဲ့ ရိုက်ထားတာကို ဆောင်ထားပါ။** နောက်ပြီး လူဝင်မှုကြီးကြပ်ရေး အရာရှိက သင့်ကိုတားဆီးရင် ပြသလိုက်ပါ။

ကျေးဇူးပြုပြီး ကိုယ့်အခွင့်အရေးကို ဘယ်လို ကာကွယ်မလဲဆိုတာကို အောက်ဖော်ပြပါ လင့်ခ်တွေကို သုံးပြီး အချက်အလက်တွေထပ် ရှာဖွေနိုင်ပါတယ်။

ILRC အနီရောင်ကဒ်များ

ကျွန်တော်တို့မှာအခွင့်အရေးရှိတယ်.us

ဖမ်းဆီးထိန်းသိမ်းခံရခြင်း သို့မဟုတ် မိသားစု မိတ်ဆွေတွေနဲ့ အခွဲခံရခြင်း အပါအဝင် **အရေးပေါ် အခြေအနေအတွက်** ပြင်ဆင်ရန်

ReadyNow! အက်ပ်ဟာ လုံခြုံစိတ်ချရတဲ့ မိုဘိုင်းအက်ပ်ဖြစ်ပြီး ရွှေ့ပြောင်းဝင်ရောက်လာသူတွေကို ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြေနဲ့ အရေးပေါ် အကျပ်အတည်းကြုံခဲ့ရင် မိတ်ဆွေ မိသားစုတွေကို ပထမဆုံး လိုအပ်တဲ့ အရေးကြီးတဲ့ အချက်အလက်တွေနဲ့ လုပ်ဆောင်နိုင်အောင် အမြန်ဆုံး အရေးပေါ် သတိပေးဖို့ဖြစ်ပြီး တကယ်လို့ သင့်ကို လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူတွေ ဖမ်းဆီးခဲ့ရင်လည်း ကူညီဖို့ ဖြစ်ပါတယ်။ အက်ပ်ကို ဘာသာပေါင်းစုံနဲ့ အသုံးပြုနိုင်ပါတယ်။

1. **One-click အရေးပေါ် သတိပေးတဲ့ စနစ်၊** ဒီ သတိပေးတဲ့ ခလုတ်က သတ်မှတ်ထားတဲ့ အရေးပေါ် ဆက်သွယ်မယ့်နံပါတ်တွေနဲ့ အရေးပေါ် အစီအစဉ်နဲ့ ဥပဒေအကျိုးဆောင်တွေကို သင် လူဝင်မှုကြီးကြပ်ရေး အရာရှိတွေ ဖမ်းဆီးခံရရင် ချက်ချင်း အကြောင်းကြားဖို့ ဖြစ်ပါတယ်။

2. **အရိုးရှင်းဆုံး အရေးပေါ် အစီအစဉ်။** သင့်ရဲ့ အရေးပေါ် အစီအစဉ်က လူဝင်မှုကြီးကြပ်ရေး အရာရှိတွေ သင့်ကို ဖမ်းဆီးခဲ့ရင် သင့်ကို ကူညီထောက်ပံ့ပေးမယ့် ကွန်ရက်ကို သင့်ဆီကဆိုတာ ချက်ချင်း သိနိုင်တဲ့ အကြောင်း ကြားချက်တွေ ဆက်တိုက်ပေးပို့တာဖြစ်ပါတယ်။

- ပထမ တရားရေး အကျိုးဆောင်ကိုပို့တဲ့ အကြောင်းကြားစာ ဖန်တီးထားပါ။ သင့်မှာရှိခဲ့ရင် သင့်ရဲ့ လူဝင်မှုကြီးကြပ်ရေး ရှေ့နေဆီကို ပို့ပေးပါလိမ့်မယ်။ တကယ်လို့ မရှိဘူးဆိုရင် တခြား အခမဲ့ အကျိုးဆောင်ပေးတဲ့ ရှေ့နေ ကွန်ယက်ကို သင့်ရဲ့အချက်အလက်တွေ ဖလှယ်ပေးပို့ဖို့ ရွေးချယ်နိုင်ပါတယ်။
- ဒုတိယအနေနဲ့ ပုဂ္ဂိုလ်ရေးအရ ဘေးကင်းမှုဆိုင်ရာ အကြောင်းကြားချက်ကို နီးစပ်ရာ မိတ်တွေတွေနဲ့ မိသားစုဆီ ပေးပို့ဖို့ ဖြစ်ပါတယ်။ ဒီထဲမှာ သင် ဘယ်မှာရှိတယ်ဆိုတာ ရှာဖွေနိုင်ဖို့နဲ့ သင့်အတွက် ကူညီပံ့ပိုးဖို့ အချက်အလက်တွေ ပါဝင်ပါတယ်။ ReadyNow! က အက်ပ်က သင့်ရဲ့ ရှေ့နေ (သင့်မှာရှိတယ်ဆိုရင်) နာမည်နဲ့ ဆက်သွယ်ရမယ့် အချက်အလက်တွေ၊ A နံပါတ်နဲ့ ICE အဖွဲ့ ဖမ်းဆီးခံရသူတွေကို အွန်လိုင်းက ရှာဖွေစုံစမ်းနိုင်တဲ့ ဆက်စပ်လင့်ခ်ကို ပေးထားဖို့ အကြံပြုပါတယ်။ ဒါမှ သင့်မိသားစုဝင်တွေနဲ့ မိတ်ဆွေတွေ သင့်ကို ရှာဖွေနိုင်မှာဖြစ်ပြီး တခြား အရေးကြီးတဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေနဲ့ အရေးကြီးတဲ့ အထောက်အထားတွေ ဘယ်မှာရှိတယ်ဆိုတာတွေ ပါဝင်ဖို့ လိုပါတယ်။
- တတိယကတော့ ကလေးများစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ အိမ်မွေးတိရိစ္ဆာန် စောင့်ရှောက်ဖို့နဲ့ မမျှော်လင့်ဘဲ အလုပ်တွေပျောက်ခဲ့ရင် နောက်ထပ် သီးခြား အကြောင်းကြားချက်တွေ ဖန်တီးထားဖို့ ဖြစ်ပါတယ်။ အဲဒီ အကြောင်းကြားစာတခုချင်းဆီက သင် ဖန်တီးဖို့ ရွေးထားတယ်ဆိုရင် သက်ဆိုင်ရာ အဆက်အသွယ်တွေဆီကိုပဲ တိတိကျကျ ပေးပို့မှာဖြစ်ပါတယ်။ မှတ်ထားဖို့က အရေးပေါ် သတိပေးချက် ခလုပ် မနှိပ်ခင်မှာ သင့်ရဲ့ အရေးပေါ် အစီအစဉ်တွေကို မိသားစု ဒါမှမဟုတ် မိတ်ဆွေတွေကို အသိပေးထားကောင်းပေးထားနိုင်တယ်ဆိုတာပါ။ The ReadyNow! အက်ပ်မှာ အရေးပေါ် အစီအစဉ် မိတ္တူတွေကို အဓိက အဆက်အသွယ်တွေဆီ ကြိုတင် အကြောင်းကြားဖို့ ရွေးချယ်နိုင်ပါတယ်။

3. **ဥပဒေအကျိုးဆောင်တွေနဲ့ ဆက်သွယ်မှု၊** အရေးပေါ် အစီအစဉ် ချမှတ်တဲ့အခါ သင့်ရဲ့ အချက်အလက်တွေကို နိုင်ငံလုံးဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး ဥပဒေအကျိုးဆောင် ကွန်ရက်နဲ့ အရေးပေါ်အခြေအနေကို တုံ့ပြန်မယ့် ထောက်ပံ့ကူညီသူတွေဆီ ဆက်သွယ်အကြောင်းကြားဖို့ သင်ရွေးချယ်နိုင်ပါတယ်။ ဒါကို ရွေးချယ်ပြီး အရေးပေါ် သတိပေးချက် ခလုပ်နှိပ်မယ်ဆိုရင် ယုံကြည်စိတ်ချရတဲ့ ဥပဒေ ကိုယ်စားလှယ်နဲ့ ဆက်သွယ်ပေးဖို့ ကြိုးစားမယ့် နိုင်ငံလုံးဆိုင်ရာ ဥပဒေ ထောက်ပံ့ရေးကွန်ရက်ဆီ သင့်ရဲ့ အချက်အလက်တွေ ချက်ချင်းပေးပို့မှာ ဖြစ်ပါတယ်။ ဒီရွေးချယ်စရာကို ရွေးချယ်တာက သင်ဖမ်းဆီးခံရချိန်မှာ ရှေ့နေ ရရှိမယ်လို့ အာမခံတာတော့ မဟုတ်ပါဘူး၊ ရှေ့နေ ရှာလို့ ရနိုင်တဲ့ အသင့် အခြေအနေ ရှိမရှိ၊ နေရာနဲ့ ဘယ်လို ဥပဒေအရ လိုအပ်ချက်တွေတွေ လိုအပ်သလဲဆိုတဲ့ အချက်တွေပေါ်မှာ မူတည်ပါတယ်။

**ကိုယ်ရေးကိုယ်တာနဲ့ လုံခြုံမှု ကာကွယ်မှုများ၊** အချက်အလက်တွေကို ဝှက်ဖိုးထားပြီး သုံးစွဲသူရဲ့ ဖုန်းလို ပစ္စည်းထဲမှာသာ သိမ်းဆည်းထားသလို ပို့ပြီးရင်လည်း ဖျက်ပစ်ပါတယ်၊ အစိုးရအရာရှိတွေက ဖုံးကို သိမ်းဆည်းတာနဲ့ ကြည့်လို့မရအောင် တားဆီးထားပါတယ်။

ReadyNow! ကို Apple App Store မှာရော Google Play. မှာပါ အခမဲ့ ဒေါင်းလုပ် ရယူနိုင်ပါတယ်။

သင့် မိသားစုဒါမှမဟုတ် မိတ်ဆွေတွေကို အသိပေးချင်တဲ့ ဖမ်းဆီးခံရနိုင်ခြေနဲ့ သူတို့ကို ကူညီဖို့ ထိရောက်အောင် တုံ့ပြန်ဖို့ ပြင်ဆင်ရမယ့် နောက်ထပ် အချက်တွေကို “မိသားစုဝင် သို့မဟုတ် ရင်းနှီးသူ

တဦးဦးအား ICE သို့မဟုတ် နယ်စပ် လုံခြုံရေးတပ်ဖွဲ့မှ ဖမ်းဆီးခဲ့လျှင် လုပ်ဆောင်ရမည့် အချက် ၅ ချက်” မှာလည်း ကြည့်နိုင်ပါတယ်။

## ဥပဒေရေးရာ အထောက်အပံ့နဲ့ တခြား အထောက်အကူတွေကို ကျနော် ဘယ်လို ရနိုင်မလဲ။

အမေရိကန်ပြည်ထောင်စုအတွင်း ရွှေ့ပြောင်းဝင်ရောက်လာသူ တယောက်အနေနဲ့ လူဝင်မှုကြီးကြပ်ရေး ရှေ့နေ ဒါမှမဟုတ် တရားရုံးရှေ့တွင် အသိအမှတ်ပြုကိုယ်စားလှယ်နဲ့ ခင်ဗျားရဲ့ ရွေးချယ်မှုတွေကို ဆွေးနွေးပြောဆိုပါ။ ပုဂ္ဂလိက လိုက်ပေးတဲ့ ရှေ့နေ ဒါမှမဟုတ် ပရဟိတ လူဝင်မှုကြီးကြပ်ရေး တရားရုံးအကျိုးဆောင်တွေနဲ့ ဆက်သွယ်ပြီး ကိုယ့်ရဲ့ ရွေးချယ်စရာတွေကို နားလည်အောင် လုပ်ဆောင်ပါ။

သင်နေထိုင်ရာ ဒေသအတွင်းရှိ ပုဂ္ဂလိကအတွက် လိုက်ပေးတဲ့ လူဝင်မှုကြီးကြပ်ရေး ရှေ့နေကို အမေရိကန်လူဝင်မှုကြီးကြပ်ရေး ရှေ့နေအသင်း ဒါမှမဟုတ် နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားသူများ ထောက်ပံ့ရေး စီမံချက် (ASAP ပုဂ္ဂလိက လိုက်ပေးတဲ့ရှေ့နေစာရင်း) တွကေတဆင့် သင် ရှာဖွေနိုင်ပါတယ်။ နိုင်ငံလုံးဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး တရားရုံး လုပ်ငန်းလမ်းညွှန်မှာ ဒေသအလိုက်ရှာနိုင်တဲ့ တနိုင်ငံလုံးမှာရှိတဲ့ ပရဟိတ လူဝင်မှုကြီးကြပ်ရေး ဥပဒေအကျိုးဆောင် ဝန်ဆောင်မှုပေးသူတွေရဲ့ စာရင်းရှိပါတယ်။ တောင်းဆိုသူတွေ များပြားတဲ့အတွက် တရားရုံးဝန်ဆောင်မှု ချက်ခြင်းပေးတဲ့သူကို မြန်မြန်ရှာနိုင်ဖို့ကတော့ အခက်အခဲရှိပါတယ်။

သင့်အနေနဲ့ အရေးပေါ် တိုက်ရိုက်ခေါ်နိုင်တဲ့ အလျှင်အမြန်တုံ့ပြန်ကူညီရေး ကွန်ရက် တွေကို ဆက်သွယ်ပြီး အရေးပေါ် အကူအညီတောင်းခံနိုင်ပါတယ်၊ ဒီ ကွန်ရက်တွေဟာ တခါတရံ **လူမှုအသိုက်အဝန်းရဲ့ ပိုပြီးကျယ်ပြန့်တဲ့ ထောက်ခံပံ့ပိုးမှု အနေအထားကို ရရှိထားပါတယ်။**

**လူဝင်မှုကြီးကြပ်ရေး အတုအယောင် လိမ်လည်မှုတွေကို ဂရုစိုက်ရှောင်ပါ**

**သင့်ကို ကူညီပေးတဲ့ လူဝင်မှုကြီးကြပ်ရေး ရှေ့နေသို့မဟုတ် DOJ အသိအမှတ်ပြု ဥပဒေကိုယ်စားလှယ်ရဲ့ အရည်အချင်းကို မေးမြန်းပါ**

- လူဝင်မှုကြီးကြပ်ရေး ရှေ့နေတွေ ဒါမှမဟုတ် အသိအမှတ်ပြုထားတဲ့ ဥပဒေ အကျိုးဆောင်တွေကပဲ ခင်ဗျားကို ဥပဒေရေးအရ အကြံပြုနိုင်တယ်ဆိုတာကို သတိရပါ။ နိုတာရီခေါ် လက်မှတ်ထိုးတဲ့အခါ မျက်မြင်သက်သေလုပ်ခွင့် လိုင်စင်၊ မှတ်တမ်းတွေလက်မှတ်ထိုးရာမှာ လူအများအတွက် သက်သေလုပ်ခွင့်ရထားသူတွေဟာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကြံဉာဏ်တွေပေးဖို့ အရည်အချင်းပြည့်သူတွေမဟုတ်သလို လုပ်ပိုင်ခွင့်ရှိသူတွေမ ဟုတ်ဘူးဆိုတာ သတိထားစေချင်ပါတယ်။ သင့်အချိန်နဲ့ ငွေတွေ အလဟဿ ဖြုန်းတီးရာရောက်သလို သင့်အမှုအတွက်လည်း အန္တရာယ်ရှိပါတယ်။
- သင့်အမှုအတွက် တယောက်ယောက်ကို မငှားခင်မှာ အဲဒီသူရဲ့ ပညာရှင်အဖြစ်လုပ်ကိုင်နိုင်တဲ့ အရည်အချင်းပြည့်မီမှုကို မေးမြန်းပါ။ အဲဒီလူဟာ ရှေ့နေ ဒါမှမဟုတ် အသိအမှတ်ပြုထားတဲ့ ဥပဒေအကျိုးဆောင်လား၊ သူ့မှာ လူဝင်မှုကြီးကြပ်ရေး ဥပဒေနဲ့ ပတ်သက်လို့ အတွေ့အကြုံ ဘယ်လောက်ရှိသလဲ၊

- ➢ လူဝင်မှုကြီးကြပ်ရေး အတုအယောင် လိမ်ညာမှုများ အကြောင်းကို ဒီနေရာမှာ နိုပ်ပြီးအချက်အလက်တွေ ထပ်ရှာနိုင်ပါတယ်။

အောက်ဖော်ပြပါ လင်ခ့်တွေကို သုံးပြီးသင်နေထိုင်ရာမြို့အတွင်းမှာ **ဥပဒေရေးရာ အထောက်အကူကို** ရဖို့ ရှာဖွေနိုင်ပါတယ်။

| လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထောက်ပံ့မှု ကွန်ရက် | အမေရိကန် လူဝင်မှုကြီးကြပ်ရေး ရှေ့နေများ အသင်း | ပုဂ္ဂလိကအတွက် လိုက်ပေးတဲ့ ASAP ရှေ့နေစာရင်း | အရေးပေါ် တိုက်ရိုက်ခေါ်နိုင်တဲ့ အလျင်အမြန်တုံ့ပြန်ကူညီရေး ကွန်ရက် | **ImportaMí** *(အမေရိကန် ပြည်ထောင်စုအတွင်း ကို မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ မပါဘဲ ဝင်ရောက်လာတဲ့ လူငယ်တွေအတွက်)* |
|---|---|---|---|---|
| | | | | |